# ပထမအကြိမ်အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

# သတ္တမနေ့အစီအစဉ်

# [ ၁၀ - ၃ - ၂၀၁၁ ]

# (ကြာသပတေးနေ့)

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ကမ်းရိုးတန်းဒေသများတွင် ဒီရေတား တာတမံရှည်ကြီးများ တည်ဆောက်ပြီး ကာကွယ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစံထွန်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)၏ **ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်တွင် တည်ဆောက်နေသော ပေါင်းနက်ရေလှောင်တမံ စီမံကိန်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေနှင့်** စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)၏ **တစ်ကွင်းတစ်စပ်တည်းရှိသည့် လယ်ယာများ တိုးမြှင့်ဖော်ထုတ်ရေး**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမြအုန်း၊ **ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ ကချင်ပြည်နယ် ဖားကန့်မြို့ဥရုချောင်း ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်း**နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)၏ **လက်ရှိပညာရေး စနစ်ကို ကျွမ်းကျင်ပညာရှင်များနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့ တစ်ခုဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန်** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း -

(က) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊

(ခ) ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။

၇။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)၏ **ချင်းပြည်နယ်၏ ပြည်နယ် မြို့တော်ဖြစ်သော ဟားခါးမြို့တွင် ကောလိပ်ကျောင်း ဖွင့်လှစ်ပေးနိုင်ပါရန်** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

- ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

၈။ ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)၏ **ကျန်းမာရေး ကဏ္ဍတွင် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေသဖြင့် အတွေ့အကြုံရှိသော ပညာရှင်များ ဖြင့် ဘုတ်အဖွဲ့တစ်ခု ဖွဲ့စည်းပြီး အကောင်းဆုံးနည်းလမ်း ချမှတ်ဆောင်ရွက်ပေးနိုင် ရန်** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

- ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

၉။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)၏ **ကျောင်းဆင်းပြီး ဖြစ်သော ချင်းအမျိုးသားဆရာဝန်များအား ဆမ အမြန်ချပေးပါရန်နှင့် ချင်းပြည်နယ်တွင် ဆရာဝန်များလိုသောဒေသများသို့ စေလွှတ်ပေးပါရန်** အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

- ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

၁၀။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)၏ **ဂန့်ဂေါမြို့နှင့် ရေစကြိုမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီသွားနိုင်အောင် ပြုပြင်ပေးပါရန်နှင့် အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက်ပေးပါရန်** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၁။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၂။ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)၏ **ပလက်ဝမြို့နှင့် မတူပီမြို့ကို ဆက်သွယ်သော မော်တော်ကားလမ်းအား အမြန်တည်ဆောက်ပေးပါရန်** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၃။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၄။ ဦးကျွန်ခဲန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီး ဝန်ထမ်းငယ်များအား ၎င်းတို့၏လစာငွေမှ လစဉ်အရစ်ကျ ခုနှိမ်စနစ်ဖြင့် ဝယ်ယူရေး စီစဉ်ပေးရန်** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၅။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း။